The Trusted Taskforce
အဖွဲ့ဝင်လိုအပ်ချက်အားကြေညာခြင်း

ရာထူးအမည်	**: အကြမ်းဖက်မှုကာကွယ်တားဆီးရေးဝန်ထမ်း/ Violence Defender**
လိုအပ်သောအရေအတွက်	**: ၃ ဦး**
တာဝန်ထမ်းဆောင်ရမည့်နေရာ	**: ကျောက်တော်(ရခိုင်) ၁ဦး၊ ရွှေဘို/ရေဦး (စစ်ကိုင်း) ၁ဦး၊ ဖရူဆို (ကရင်နီ) ၁ဦး၊**
လုပ်ငန်းသဘောတူညီမှုအမျိုးအစား	**: သတ်မှတ်ကာလသဘောတူညီမှုအမျိုးအစား**
ကြီးကြပ်ရေးမှူး	**: Officer (Prevention)**
လျှောက်လွှာပိတ်ရက်	**: ၁၀ နိုဝင်ဘာ ၂၀၂၆**
	(လျှောက်ထားလိုသောရာထူးနှင့်တာဝန်ထမ်းဆောင်မည့်နေရာအားလျှောက်လွှာတွင် ဖော်ပြရန်လိုအပ်ပါသည်)

အဖွဲ့အစည်း (Triple T)မိတ်ဆက်

အဖွဲ့အစည်းအကြောင်း

The Trusted Taskforce (Triple-T) သည် မြေပြင်ရောက် တုံ့ပြန်ကူညီမှုပေးသော ဒေသခံအဖွဲ့အစည်းတစ်ခု ဖြစ်ပြီး နယ်ပယ်အသီးသီးတွင် အထူးပြုသူ၊ ကျွမ်းကျင်သူ၊ အတွေ့အကြုံရှိ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါသည်။ အထူးသဖြင့် လူသားချင်းစာနာမှု၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများအား အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့ အစည်းများ၊ ရန်ပုံငွေအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ကိုင်ခဲ့သော၊ ပုဂ္ဂလိကအပါအဝင် အကျိုးအမြတ်မယူသောကဏ္ဍများ၌ အတွေ့အကြုံရှိ ဒေသခံ ကျွမ်းကျင်သူများ ပါဝင်ပါသည်။ အဖွဲ့အစည်း၏ အထူးကျွမ်းကျင်မှုနယ်ပယ်များမှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် အရေးပေါ် တုံ့ပြန်အကူအညီပေးရေး၊ အကျိုးသက်ဆိုင်သူများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဂျန်ဒါအခြေပြု အကြမ်းဖက်မှု ကာကွယ်ရေးနှင့် အကူအညီပေးရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးနှင့် အကာအကွယ်ပေးရေး လုပ်ငန်းများ၊ စိတ်ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှု၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အစီအစဉ်များ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ကုန်ပစ္စည်းနှင့် ပို့ဆောင်ရေးစီမံခန့်ခွဲမှု၊ စောင့်ကြည့်လေ့လာခြင်း၊ ဆန်းစစ်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှု နှင့် သင်ယူလေ့လာခြင်းဆိုင်ရာ လုပ်ငန်းများ (MERAL)၊ လူစွမ်းအားအရင်း အမြစ်စီမံခန့်ခွဲမှု၊ ဒီဂျစ်တယ်လုံခြုံရေး အပါအဝင် သတင်းအချက်အလက်နှင့် နည်းပညာ စီမံခန့်ခွဲမှု၊ အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တည်ဆောက်ခြင်း စသည်တို့ ဖြစ်ပါသည်။

လုပ်ငန်းဆောင်တာများ

Triple-T သည် အဓိကအားဖြင့် လူသားချင်းစာနာမှုဆိုင်ရာနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖြေရှင်းဆောင်ရွက်မှုများ၊ လူခွင့်အရေး အခြေပြု

အစီအစဉ်များ၊ အရေးပေါ်တုံ့ပြန်မှုများ၊ ဒေသနှင့်ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းရည်နှင့်စနစ်မြှင့်တင်ရေး တို့ကို အထူးဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ဒေသခံအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကွန်ရက်ချဲ့ထွင်ခြင်း၊ ညှိနှိုင်းဆောင် ရွက်ခြင်းနှင့် မိတ်ဖက်ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတစ်ဝှမ်းနှင့် နယ်စပ်ဒေသများတွင် အကူအညီပေးမှုများ ဆောင်ရွက်လျက်ရှိပါသည်။

အကျဉ်းချုပ် လုပ်ငန်းတာဝန်များ - Violence Defender သည် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ချိုးဖောက်မှုများ၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု (Gender-Based Violence – GBV)၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှု၊ လျစ်လျူရှုမှုနှင့် အခြားထိခိုက်နစ်နာစေသည့် အပြုအမူများအပါအဝင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အန္တရာယ်များကို လျှော့ချရန် ရည်ရွယ်သည့် ရပ်ရွာအခြေပြု ကြိုတင်ကာကွယ်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန် တာဝန်ရှိသည်။ အဆိုပါရာထူး၏ အဓိကတာဝန်မှာ နေရပ်စွန့်ခွာတိမ်းရှောင်သူများ (Internally Displaced Persons – IDPs)၊ နေရပ်ပြန်လာသူများနှင့် အခြားထိခိုက်လွယ်သော လူအုပ်စုများအတွက် အသိပညာပေးအစီအစဉ်များ ပြုလုပ်ခြင်း၊ ရပ်ရွာအတွင်း ကွင်းဆင်းဆက်သွယ်ဆောင်ရွက်ခြင်းနှင့် လူထုပါဝင်ဆောင်ရွက်မှုများကို အားပေးမြှင့်တင်ခြင်းတို့မှတစ်ဆင့် လုံခြုံမှုရှိပြီး လူတိုင်းပါဝင်နိုင်ကာ ကာကွယ်စောင့်ရှောက်မှုရရှိနိုင်သည့် ပတ်ဝန်းကျင်များ ဖြစ်ပေါ်လာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

Violence Defender သည် People Volunteers (PVs)၊ ရပ်ရွာလူထုနှင့် ဒေသဆိုင်ရာ သက်ဆိုင်သူများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကာ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် အန္တရာယ်များကို ဖော်ထုတ်သတ်မှတ်ခြင်း၊ ရရှိနိုင်သော ဝန်ဆောင်မှုများနှင့်ပတ်သက်၍ တိကျမှန်ကန်သော သတင်းအချက်အလက်များ ပေးအပ်ခြင်းနှင့် သတ်မှတ်ထားသော လွှဲပြောင်းချိတ်ဆက်ပေးမှု လုပ်ထုံးလုပ်နည်းများ (Referral Pathways) နှင့်အညီ ဘေးကင်းလုံခြုံပြီး အချိန်မီ ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်ပေးနိုင်ရန် ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်။ ထို့အပြင် အချက်အလက်ကောက်ယူခြင်း၊ လုပ်ငန်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာပြုစုခြင်းတို့တွင်လည်း ပါဝင်ပံ့ပိုးရမည်။ ယင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စည်းမျဉ်းများ (Safeguarding)၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများကို တားဆီးကာကွယ်ရေး (PSEA)၊ ကျား၊ မ တန်းတူညီမျှရေး၊ မသန်စွမ်းသူများ ပါဝင်နိုင်ရေး၊ ထိခိုက်ခံစားရသော လူထုအပေါ် တာဝန်ခံမှု (Accountability to Affected Populations)၊ လျှို့ဝှက်ချက်ထိန်းသိမ်းရေးနှင့် ထိခိုက်နစ်နာမှု မဖြစ်စေရေးမူ (Do No Harm) တို့ကို လိုက်နာဆောင်ရွက်ရမည်။

Prevention Officer ၏ ကြီးကြပ်မှုအောက်တွင် Violence Defender သည် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် လုပ်ငန်းအရည်အသွေး အာမခံခြင်းတို့တွင် ပါဝင်ပံ့ပိုးရမည်။ ထို့အပြင် ထိခိုက်ခံစားရသော လူထုအတွင်း ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ အပြုအမူကောင်းများနှင့် အခက်အခဲများကို ရင်ဆိုင်ကျော်လွှားနိုင်စွမ်း (Resilience) ပိုမိုတိုးတက်လာစေရန် ရပ်ရွာ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကိုလည်း ပံ့ပိုးဆောင်ရွက်ရမည်။

ဤရာထူးဖော်ပြချက်သည် Prevention Officer ၏ ကြီးကြပ်မှုအောက်ရှိ ရာထူးအဆင့်နှင့် ကိုက်ညီစေရန် တာဝန်နယ်ပယ်ကို သတ်မှတ်ထားပြီး စီမံကိန်းရေးဆွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် မဟာဗျူဟာပိုင်းဆိုင်ရာ ဦးဆောင်မှုတို့ထက် လက်တွေ့လုပ်ငန်းများကို တိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် အဓိကအာရုံစိုက်ထားသည်။

လုပ်ငန်းတာဝန်များ

၁။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ အထွေထွေတာဝန်များ

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ချိုးဖောက်မှုများ၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု (GBV)၊ ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ အလွဲသုံးစားပြုမှုနှင့် အခြားထိခိုက်နစ်နာစေသည့် အပြုအမူများကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို လျှော့ချရန် ရပ်ရွာအခြေပြု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီရန်။
- ကာကွယ်စောင့်ရှောက်ရေး၊ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ စံနှုန်းများ (Safeguarding)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများကို တားဆီးကာကွယ်ရေး (PSEA)၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် ရရှိနိုင်သော အကူအညီပေးရေးဝန်ဆောင်မှုများအကြောင်း ရပ်ရွာလူထုအား အသိပညာပေးအစီအစဉ်များ ပြုလုပ်ရန်။
- ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ရပ်ရွာလူထု၊ People Volunteers (PVs) နှင့် ဒေသတွင်းကွန်ရက်များကို စည်းရုံးလှုံ့ဆော်ပြီး ပါဝင်ဆောင်ရွက်မှုကို မြှင့်တင်ရန်။
- စီမံကိန်းလုပ်ငန်းများတစ်လျှောက် ကျား၊ မ တန်းတူညီမျှရေး၊ မသန်စွမ်းသူများ ပါဝင်နိုင်ရေး၊ တာဝန်ခံမှုနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများကို လုပ်ငန်းများတွင် ထည့်သွင်းအကောင်အထည်ဖော်ရန်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများနှင့် အန္တရာယ်များကို ဖော်ထုတ်သတ်မှတ်ပြီး သတ်မှတ်ထားသော ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်ပေးမှု လမ်းကြောင်းများ (Referral Pathways) နှင့် လျှို့ဝှက်ချက်ထိန်းသိမ်းရေး လုပ်ထုံးလုပ်နည်းများအတိုင်း ဘေးကင်းလုံခြုံ၍ အချိန်မီ လွှဲပြောင်းချိတ်ဆက်ပေးနိုင်ရန် ပံ့ပိုးဆောင်ရွက်ရန်။
- ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးပစ္စည်းများနှင့် ရပ်ရွာအသိပညာပေးအထောက်အကူပြုပစ္စည်းများ ပြင်ဆင်ခြင်း၊ ဖြန့်ဝေခြင်းတို့တွင် ပံ့ပိုးကူညီရန်။
- လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များ၊ ပါဝင်သူများ၏ အချက်အလက်များနှင့် တုံ့ပြန်အကြံပြုချက်များကို ကောက်ယူပြီး Prevention Officer ထံ အစီရင်ခံစာတင်ပြရန်။

၂။ ကာကွယ်စောင့်ရှောက်ရေး အသိပညာပေးခြင်း၊ စနစ်တကျ GBV နှင့် ကလေးသူငယ်အပေါ် အနိုင်ကျင့်စော်ကားမှု တားဆီးကာကွယ်ခြင်း၊ ဂုဏ်သိက္ခာထိန်းသိမ်းရေးပစ္စည်းများ ပံ့ပိုးခြင်း

- ပဋိပက္ခဒဏ်သင့်ဒေသများနှင့် နေရပ်စွန့်ခွာတိမ်းရှောင်နေရသည့် နေရာများတွင် ကွင်းဆင်းအသိပညာပေးခြင်းနှင့် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ဆောင်ရွက်ရန်။

- ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး (CP)၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု တားဆီးကာကွယ်ရေး၊ ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်ပေးမှု လမ်းကြောင်းများ၊ မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသော လက်နက်ပစ္စည်းများ (Landmine/UXO) ဆိုင်ရာ အန္တရာယ်အသိပညာပေးခြင်း၊ လေကြောင်းတိုက်ခိုက်မှုအတွင်း ဘေးကင်းလုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေး မြှင့်တင်ခြင်း၊ စိတ်ဖိစီးမှုကို စီမံဖြေရှင်းခြင်း၊ PSEA နှင့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရန်။
- အသိပညာပေးအစီအစဉ်များနှင့် ရပ်ရွာလုပ်ငန်းများအတွက် ပါဝင်သူများကို စည်းရုံးဖိတ်ခေါ်ခြင်း၊ စာရင်းသွင်းခြင်းနှင့် လိုအပ်သော ထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်းတို့တွင် ပံ့ပိုးရန်။
- နေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)၊ နေရပ်ပြန်လာသူများနှင့် အခြားထိခိုက်လွယ်သော ရပ်ရွာလူထုဝင်များအတွက် စနစ်တကျ စီစဉ်ထားသော ကြိုတင်ကာကွယ်ရေးပညာပေးအစီအစဉ်များကို ပို့ချရန်။
- အမျိုးသမီးများ၊ အမျိုးသားများ၊ ဆယ်ကျော်သက်များ၊ ကလေးသူငယ်များ၊ စုံတွဲများနှင့် မိသားစုများအတွက် အသက်အရွယ်နှင့် ကိုက်ညီပြီး ကျား၊ မ ရေးရာအမြင်ကို ထည့်သွင်းစဉ်းစားထားသော အသိပညာပေးအစီအစဉ်များကို ဆောင်ရွက်ရန်။
- အိမ်တွင်းအကြမ်းဖက်မှု၊ ရင်းနှီးသောအဖော်အချင်းချင်းအကြား အကြမ်းဖက်မှု (Intimate Partner Violence – IPV) နှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှု၊ အလွဲသုံးစားပြုမှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်အမြတ်ထုတ်မှု (Violence, Abuse, Neglect and Exploitation – VANE) တို့ကို တားဆီးကာကွယ်နိုင်ရန် အပြုသဘောဆောင်သော အပြုအမူများကို မြှင့်တင်ပြီး ရပ်ရွာလူထု၏ အသိပညာကို တိုးမြှင့်ရန်။
- ဂုဏ်သိက္ခာထိန်းသိမ်းရေးပစ္စည်းအစုံ (Dignity Kits) အကူအညီနှင့် အခြားသက်ဆိုင်ရာ အထောက်အပံ့ဝန်ဆောင်မှုများ ရရှိရန် အကျုံးဝင်သော အမျိုးသမီးများနှင့် ဆယ်ကျော်သက်မိန်းကလေးများကို ဖော်ထုတ်သတ်မှတ်ပြီး စာရင်းသွင်းရာတွင် ပံ့ပိုးရန်။
- အဖွဲ့အစည်း၏ သတ်မှတ်စံနှုန်းများနှင့်အညီ ဂုဏ်သိက္ခာထိန်းသိမ်းရေးပစ္စည်းများကို ဘေးကင်းလုံခြုံမှုရှိစွာ၊ လျှို့ဝှက်ချက်ထိန်းသိမ်းလျက်နှင့် လက်ခံရရှိသူများ၏ ဂုဏ်သိက္ခာကို လေးစားစွာ ဖြန့်ဝေပေးနိုင်ရန် ပံ့ပိုးဆောင်ရွက်ရန်။

၃။ ရပ်ရွာလူထုနှင့် ထိတွေ့ဆက်ဆံရေး၊ စေတနာ့ဝန်ထမ်းများအား ပံ့ပိုးကူညီခြင်း

- ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် People Volunteers (PVs)၊ ဒေသတွင်း ပရဟိတအဖွဲ့များနှင့် ရပ်ရွာလူထုတို့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်။
- အသိပညာပေးအစီအစဉ်များနှင့် ကွင်းဆင်းဆက်သွယ်ဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ရပ်ရွာစေတနာ့ဝန်ထမ်းများအား လက်တွေ့လုပ်ငန်းခွင်အတွင်း လမ်းညွှန်ပံ့ပိုးမှုနှင့် အကြံဉာဏ်များ ပေးရန်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများ၊ PSEA၊ Safeguarding နှင့် ထိခိုက်နစ်နာမှု မဖြစ်စေရေးမူ (Do No Harm) တို့နှင့်ပတ်သက်သည့် ပြန်လည်မွမ်းမံသင်တန်းများနှင့် ရပ်ရွာမိတ်ဆက်ရှင်းလင်းပွဲများတွင် ပံ့ပိုးဆောင်ရွက်ရန်။
- ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်ရေးစနစ်များ ပိုမိုအားကောင်းလာစေရန် ရပ်ရွာလူထု၏ ပါဝင်ဆောင်ရွက်မှုနှင့် တုံ့ပြန်အကြံပြုချက်များ ပေးပို့မှုကို အားပေးမြှင့်တင်ရန်။

၄။ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်း

- အတည်ပြုထားသော ကိရိယာများနှင့် သတ်မှတ်ပုံစံများကို အသုံးပြု၍ စောင့်ကြည့်လေ့လာမှုနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အချက်အလက်များကို ကောက်ယူရန်။
- ပါဝင်သူများ၊ ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်ပေးမှုများ၊ ပစ္စည်းဖြန့်ဝေမှုများနှင့် ကြုံတင်ကာကွယ်ရေးလုပ်ငန်းများအတွက် တိကျမှန်ကန်သော မှတ်တမ်းများကို ထိန်းသိမ်းထားရန်။
- လိုအပ်သည့်အခါ KoBo Toolbox ကဲ့သို့သော ဒစ်ဂျစ်တယ်ပလက်ဖောင်းများကို အသုံးပြု၍ အချက်အလက်ကောက်ယူခြင်းတွင် ပံ့ပိုးရန်။
- ကွင်းဆင်းလုပ်ငန်းများမှ ရရှိလာသော သင်ခန်းစာများ၊ ရပ်ရွာလူထု၏ တုံ့ပြန်အကြံပြုချက်များ၊ စိန်ခေါ်မှုများနှင့် အောင်မြင်မှုဖြစ်ရပ်များကို မှတ်တမ်းတင်ရန်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့် အသစ်ပေါ်ပေါက်လာသော အန္တရာယ်များကို Prevention Officer ထံ အစီရင်ခံရန်။
- လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ၊ တက်ရောက်သူစာရင်းများနှင့် အခြားလိုအပ်သော စာရွက်စာတမ်းများကို သတ်မှတ်ချိန်အတွင်း တင်ပြရန်။

၅။ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

- လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရပ်ရွာခေါင်းဆောင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသတွင်း ဝန်ဆောင်မှုပေးသူများနှင့် ညှိနှိုင်းဆောင်ရွက်ရန်။
- အကူအညီလက်ခံရရှိသူများ၊ ရပ်ရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် ကောင်းမွန်သော လုပ်ငန်းဆက်ဆံရေးများ တည်ဆောက်ထိန်းသိမ်းရန်။
- တာဝန်ပေးအပ်သည့်အတိုင်း အဖွဲ့အစည်းအတွင်း အစည်းအဝေးများ၊ သင်တန်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုလုပ်ငန်းများတွင် ပါဝင်ရန်။
- လျှို့ဝှက်ချက်ထိန်းသိမ်းရေးနှင့် အချက်အလက်ကာကွယ်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်ပေးခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့တွင် ပံ့ပိုးဆောင်ရွက်ရန်။

၆။ ဘဏ္ဍာရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ပံ့ပိုးမှု

- ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းများအတွက် ပါဝင်သူများ စာရင်းသွင်းခြင်း၊ တက်ရောက်မှုမှတ်တမ်းထားရှိခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ စာရွက်စာတမ်းများ ပြုစုခြင်းတို့တွင် ပံ့ပိုးရန်။
- လုပ်ငန်းဆောင်ရွက်မှုနှင့် သက်ဆိုင်သော စာရွက်စာတမ်းများနှင့် အသုံးစရိတ်မှတ်တမ်းများ ပြင်ဆင်ခြင်း၊ တင်ပြခြင်းတို့တွင် ကူညီဆောင်ရွက်ရန်။
- ဖြန့်ဝေထားသော ပစ္စည်းများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် လုပ်ငန်းဆိုင်ရာ အသုံးစရိတ်များအတွက် တိကျမှန်ကန်သော မှတ်တမ်းများကို ထိန်းသိမ်းထားရန်။

- စီမံကိန်းပိုင်ပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို သင့်လျော်စွာ အသုံးပြုပြီး စာရင်းအင်းနှင့် မှတ်တမ်းများ မှန်ကန်စွာ ထိန်းသိမ်းထားရန်။

၇။ ကာကွယ်စောင့်ရှောက်ရေးနှင့် စည်းမျဉ်းစည်းကမ်းလိုက်နာမှု

- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒများ၊ PSEA စံနှုန်းများ၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး အခြေခံမူများ၊ လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာ သတ်မှတ်ချက်များနှင့် ထိခိုက်နစ်နာမှု မဖြစ်စေရေးမူ (Do No Harm) တို့ကို လိုက်နာဆောင်ရွက်ရန်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများ၊ ဖြစ်စဉ်များ သို့မဟုတ် စည်းမျဉ်းချိုးဖောက်မှုများကို အဖွဲ့အစည်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ချက်ချင်း သတင်းပို့တင်ပြရန်။
- အကူအညီလက်ခံရရှိသူများနှင့် ဆက်ဆံရာတွင် ဘေးကင်းလုံခြုံမှုရှိခြင်း၊ လေးစားမှုရှိခြင်း၊ လူတိုင်းပါဝင်နိုင်ခြင်းနှင့် အသက်ရှင်ကျန်ရစ်သူ၏ လိုအပ်ချက်၊ ရွေးချယ်မှုနှင့် ဆုံးဖြတ်ချက်များကို ဗဟိုပြုသည့် ချဉ်းကပ်မှု (Survivor-Centered Approach) ကို လိုက်နာဆောင်ရွက်ရန်။

၈။ အခြားတာဝန်များ

- Prevention Officer သို့မဟုတ် တိုက်ရိုက်ကြီးကြပ်သူမှ တာဝန်ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

လိုအပ်သော အရည်အချင်းများ
လုပ်ငန်းအတွေ့အကြုံ

- မြန်မာနိုင်ငံအတွင်း ရပ်ရွာလူထု စည်းရုံးလှုံ့ဆော်ရေး၊ အထွေထွေကာကွယ်စောင့်ရှောက်ရေး၊ လူမှုရေးလုပ်ငန်း၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကွင်းဆင်းပစ္စည်းဖြန့်ဝေရေးလုပ်ငန်းများတွင် သက်ဆိုင်ရာ လက်တွေ့လုပ်ငန်းအတွေ့အကြုံ ရှိသူဦးစားပေးမည်။
- ထိခိုက်လွယ်သော အရွယ်ရောက်ပြီးသူများ၊ ပဋိပက္ခဒဏ်သင့်ရပ်ရွာများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ (CBOs) နှင့် ဒေသခံရပ်ရွာခေါင်းဆောင်များနှင့်အတူ လုပ်ကိုင်ခဲ့ဖူးသော အတွေ့အကြုံရှိရမည်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဖြစ်ရပ်စီမံခန့်ခွဲမှု (Protection Case Management)၊ ဝန်ဆောင်မှုလွှဲပြောင်းချိတ်ဆက်ပေးမှု လမ်းကြောင်းများ (Referral Pathways)၊ ကျား၊ မ အခြေပြုအကြမ်းဖက်မှု (GBV) လျှော့ချကာကွယ်ရေး သို့မဟုတ် စိတ်ကျန်းမာရေးနှင့် စိတ်လူမှုရေးဆိုင်ရာ ပံ့ပိုးကူညီမှု (MHPSS) လုပ်ငန်းများတွင် အခြေခံအတွေ့အကြုံရှိပါက ပိုမိုဦးစားပေးမည်။

ပညာအရည်အချင်း

- အထက်တန်းပညာရေးအဆင့် အောင်မြင်ပြီးသူဖြစ်ရမည်။ သို့မဟုတ် လူမှုရေးလုပ်ငန်း (Social Work)၊ လူမှုဗေဒ (Sociology)၊ ပြည်သူ့ကျန်းမာရေး (Public Health)၊ ဖွံ့ဖြိုးရေးလေ့လာမှု (Development Studies) သို့မဟုတ် သက်ဆိုင်ရာ လူမှုသိပ္ပံဘာသာရပ်များတွင် အထက်တန်းလွန်လက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
- ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အခြေခံမူများကို စီမံကိန်းလုပ်ငန်းများတွင် ထည့်သွင်းအသုံးချခြင်း (Protection Mainstreaming)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် အလွဲသုံးစားပြုမှုများကို တားဆီးကာကွယ်ရေး (PSEA) သို့မဟုတ် စိတ်လူမှုရေးဆိုင်ရာ ရှေးဦးကူညီမှု (Psychosocial First Aid – PFA) တို့နှင့် သက်ဆိုင်သော သင်တန်းလက်မှတ်များ ရရှိထားပါက အားသာချက်ဖြစ်သည်။

ကျွမ်းကျင်မှုနှင့် ဗဟုသုတ

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်ရေး အခြေခံမူများ၊ ထိခိုက်နစ်နာမှု မဖြစ်စေရေးမူ (Do No Harm)၊ လျှို့ဝှက်ချက်ထိန်းသိမ်းရေးနှင့် အရွယ်ရောက်ပြီးသူများအတွက် အသက်ရှင်ကျန်ရစ်သူကို ဗဟိုပြုသည့် ချဉ်းကပ်မှု (Survivor-Centered Approach) တို့နှင့်ပတ်သက်သော အခြေခံအသိပညာရှိရမည်။
- ရပ်ရွာလူထု၊ ဒေသဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် စေတနာ့ဝန်ထမ်းများနှင့် ထိရောက်စွာ၊ လေးစားမှုရှိစွာ ဆက်သွယ်ဆက်ဆံနိုင်သော လူမှုဆက်ဆံရေးကျွမ်းကျင်မှု ကောင်းမွန်ရမည်။
- MS Word၊ Excel ကဲ့သို့သော ကွန်ပျူတာဆိုင်ရာ အခြေခံကျွမ်းကျင်မှုရှိရမည်။ KoBo Toolbox ကဲ့သို့သော မိုဘိုင်းပလက်ဖောင်းများကို အသုံးပြု၍ ကွင်းဆင်းအချက်အလက်များ ကောက်ယူနိုင်ရမည်။
- မြန်မာဘာသာစကားဖြင့် ကောင်းမွန်စွာ ဆက်သွယ်ပြောဆိုနိုင်ရမည်။ သက်ဆိုင်ရာ ဒေသသုံးဘာသာစကားများအနက် ရခိုင်ဘာသာစကား ကျွမ်းကျင်စွာ ပြောဆိုနိုင်ပါက အထူးအားသာချက်ဖြစ်သည်။
- ခက်ခဲပြီး အခြေအနေအပြောင်းအလဲများရှိသော ပတ်ဝန်းကျင်များအတွင်း ကွင်းဆင်းလုပ်ငန်းနေရာများသို့ မကြာခဏ ခရီးသွားလာလုပ်ကိုင်ရန် ဆန္ဒရှိရမည်။
- မိမိကိုယ်ကို ဂရုစိုက်စောင့်ရှောက်မှု (Self-care) ကို အလေးထားပြီး လုပ်ငန်းဆိုင်ရာ နည်းပညာလမ်းညွှန်မှုနှင့် ကြီးကြပ်မှုများကို လက်ခံရယူရန် ပွင့်လင်းမှုရှိရမည်။

Triple-T ၏ စံသတ်မှတ်ချက်များ

- အဖွဲ့အစည်း၏ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ ပန်းတိုင်များနှင့် တန်ဖိုးထားမှုများအတွက် ခိုင်မာသောကတိကဝတ်ရှိခြင်း။
- မတူကွဲပြားမှု၊ မျှတမှုနှင့် အားလုံးပါဝင်နိုင်မှုဆိုင်ရာ အခြေခံမူများကို နားလည်သဘောပေါက် လက်ခံကျင့်သုံးခြင်း။
- မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထု၏လိုအပ်ချက်များကို ကူညီဆောင်ရွက်လိုစိတ်ရှိခြင်း။

- လုပ်ငန်းခွင်အမျိုးမျိုး၏ ယဉ်ကျေးမှုအလေ့အထများ၊ ပဋိပက္ခနှင့်ထိခိုက်လွယ်သောအခြေအနေများကို မြန်မြန်ဆန်ဆန် နားလည်သဘောပေါက်နိုင်စွမ်းရှိခြင်း။
- အခြေအနေအလိုက် ပြောင်းလဲလုပ်ကိုင်နိုင်ပြီး စိန်ခေါ်မှုများကို အတူတကွရင်ဆိုင်ဖြေရှင်းနိုင်သည့် ပြောင်းလွယ်ပြင်လွယ်ရှိမှု။
- လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်မှုအမြတ်ထုတ်မှု၊ အနိုင်ကျင့်မှုနှင့် ကလေးသူငယ်အကာအကွယ်ပေးရေး စသည့် မူဝါဒများကို အပြည့်အဝ လိုက်နာကျင့်သုံးခြင်း။ PSEA နှင့် ကလေးကာကွယ်ရေး မူဝါဒချိုးဖောက်မှုများကို လုံးဝ ခွင့်မပြုခြင်း။

ကျွန်ုပ်တို့သည် အသက်အရွယ် (အနည်းဆုံး ၁၈ နှစ်ပြည့်ရမည်)၊ လူမျိုး၊ အသားအရောင်၊ ကိုးကွယ်မှု၊ ယုံကြည်မှု၊ လိင်၊ လိင်တိမ်းညွတ်မှု၊ နိုင်ငံသား၊ လူမျိုးရေး သို့မဟုတ် လူမှုဇစ်မြစ်၊ အဆင့်အတန်း၊ မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင်ခြင်း သို့မဟုတ် မိခင်ဘဝ၊ အိမ်ထောင်ရေးအခြေအနေ သို့မဟုတ် အခြားသော ပင်ကိုယ်လက္ခဏာများကို မခွဲခြားဘဲ အလုပ်အကိုင်အခွင့်အလမ်းများ ညီမျှစွာပေးအပ်ပါသည်။

အထူးသတိပြုရန်အချက်။ ။ ဤအလုပ်နေရာအတွက် **မြန်မာနိုင်ငံသားများသာ** လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူများအား အဆင်သင့်ဖြစ်သည့်အချိန်တွင် အဆင့်ဆင့်စိစစ်သတ်မှတ်ပြီး၊ အင်တာဗျူးများကိုစီစဉ်ဆောင်ရွက်ပေးမည်။ အင်တာဗျူးပါသူများကိုသာပြန်လည် အကြောင်းကြားပါမည်။ လျှောက်ထားလိုပါက အမြန်ဆုံးလျှောက်ထားရန် အကြံပြုအပ်ပါသည်။

လျှောက်ထားရန်

စိတ်ပါဝင်စားသူများသည် CV (လျှောက်လွှာ) ကို **hr.recruitment@thetriple-t.org** သို့ပေးပို့နိုင်ပါသည်။